# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putinနှင့် သီးခြားတွေ့ဆုံဆွေးနွေး

**ယခုနိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin

**ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှနေထိုင်ခဲ့ကြ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ(၇၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၊ ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ သီးခြားတွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေး လက်ထောက်အရာရှိ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုနိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မော်စကိုမြို့တွင် တွေ့ဆုံမှုအတွက် ဝမ်းမြောက်ကြောင်းကို မိမိအနေဖြင့် ထပ်မံပြောကြားလိုပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ တွေ့ဆုံခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများ ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှ နေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ တွေ့ဆုံမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်သည်။

**အပြန်အလှန်ဆွေးနွေး**

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

ယင်းနောက် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး နှင့်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှု အောင်မြင်စွာပြီးမြောက်ခြင်းနှင့် စပ်လျဉ်း၍ ပူးတွဲကြေညာချက်တို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့ရှေ့မှောက်၌ အသီးသီး လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ (ဝဲပုံ)





ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားမှုများကို သီးခြားဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန် ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ

နေပြည်တော်၊ ၂၀၂၅ မတ်လ ၄ ရက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ရုရှားနိုင်ငံကို အလည်အပတ်ခရီးလာရောက်တဲ့အတွက် ကြိုဆိုပါတယ်။ နှစ်နိုင်ငံအကြားမှာ စိတ်ချယုံကြည်ရတဲ့ ဆက်ဆံရေးလည်း ရှိပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုကို အဓိကထားဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို လွန်ခဲ့တဲ့နှစ်တွေကတည်းက လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ကစပြီး ဆိုဗီယက်ပြည်ထောင်စုက နိုင်ငံများအနက် ရုရှားနိုင်ငံက မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကို ပထမဆုံးအသိအမှတ်ပြုခဲ့ပါတယ်။ နောင် ဆိုဗီယက်ပြည်ထောင်စုက မြန်မာနိုင်ငံကို အကူအညီတွေပေးခဲ့ပါတယ်။ ပြီးတော့ ပညာရှင်များကိုလည်း ကူညီပေးခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုရဲ့ အကူအညီနဲ့ မြန်မာနိုင်ငံမှာ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်၌ အရေးကြီးတဲ့ စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာလည်း ရုရှားနိုင်ငံက မြန်မာနိုင်ငံကို အားပေးကူညီလျက်ရှိပြီး မြန်မာစက်မှုစီးပွားရေး အခန်းကဏ္ဍမှာလည်း အကူအညီပေးပါတယ်။ မြန်မာနိုင်ငံပြည်တွင်းရေးအခြေအနေကိစ္စရပ်များ ကောင်းမွန်စေဖို့အတွက်ကိုလည်း ထောက်ခံအားပေးနေပြီးတော့ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ပြောင်းလဲအတည်ပြုခဲ့ပါတယ်။ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်စေဖို့ ပါရှိပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျွန်တော်တို့ နှစ်နိုင်ငံ ကုန်သွယ်ရေး ပမာဏ ၄၀ ရာခိုင်နှုန်းခန့် တိုးမြင့်ခဲ့ပြီး ယခင်က သန်း ၂၀၀၀ ခန့် ရှိပါတယ်။ ကျွန်တော်တို့အပြန်အလှန်ကုန်သွယ်ရေးကို တိုးတက်စေဖို့ အဆင်သင့်ရှိပါတယ်။ ဈေးငွေနဲ့ဘဏ္ဍာရေးနယ်ပယ်မှာလည်း ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံရဲ့အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ကလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မကြာခင်က ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ စွမ်းအင်အခန်းကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အခြားနယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ မိမိတို့အနေနဲ့ အသင့်ရှိပါတယ်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးအတွက်လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား ပေါပေါများများပေးနိုင်ပါမယ်။ မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့ သဘောတူညီချက်အချို့ရှိခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ စက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်မှာ ကျွန်တော်တို့ ပူးတွဲစီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်။ ရုရှားနိုင်ငံ အကူအညီနဲ့ မြန်မာနိုင်ငံမှာ ဂြိုဟ်တုက ရရှိထားတဲ့အချက်အလက်များလေ့လာရေးစင်တာကို ဖွဲ့စည်းထားပါတယ်။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့လည်း ရုရှားနိုင်ငံ ဒုံးပျံနှင့်အာကာသဗဟိုဌာနကို လေ့လာခဲ့ပါတယ်။ ရုရှားနိုင်ငံက အာကာသနယ်ပယ်မှာ အောင်မြင်မှုနဲ့ပတ်သက်ပြီး ဗဟုသုတများစွာ ရရှိနိုင်မှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနယ်ပယ်နဲ့ လူသားချင်းစာနာမှုနယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ပါမယ်။ မြန်မာနိုင်ငံမှာ ရုရှားယဉ်ကျေးမှုဗဟိုဌာနကို ဖွင့်ဖို့ရှိပြီးတော့ ရန်ကုန်မြို့မှာ ပထမဆုံး အော်သို ဒေါ့ ခရစ်ယာန် ရုရှားဘုရားရှိခိုးကျောင်း တည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ရုရှားနိုင်ငံမှာလည်း မြန်မာနိုင်ငံယဉ်ကျေးမှုနဲ့ ဗုဒ္ဓဘာသာဗဟိုဌာန နှစ်ခုရှိပါတယ်။

မြန်မာနိုင်ငံသူ/နိုင်ငံသားများ ရုရှားဘာသာစကားကိုသင်ယူဖို့အတွက် မြန်မာနိုင်ငံမှ ခေါင်းဆောင်များက အကူအညီပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ရုရှားဘာသာစကားကို မြန်မာနိုင်ငံမှာ နာမည်ကြီးတက္ကသိုလ်နှစ်ခုဖြစ်တဲ့ ရန်ကုန်နဲ့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်နဲ့ စစ်တက္ကသိုလ်မှာလည်း ရုရှားဘာသာစကားကို သင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို ယခုထက်ပိုမိုသင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်။ အခုရုရှားတက္ကသိုလ်မှာ မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူ ဦးရေ ၃၀၀၀ ခန့် တက်ရောက်ပညာသင်ကြားလျက် ရှိပါတယ်။ ရုရှားနိုင်ငံတက္ကသိုလ်အသီးသီးကနေ ပညာရပ်များ သင်ယူတတ်မြောက်ခဲ့တဲ့ မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူ စုစုပေါင်းဆိုပါက ဦးရေ တစ်သောင်းခန့်ရှိခဲ့ပြီဖြစ်ပါတယ်။ မေလ ၉ ရက်နေ့မှာ (၈၂) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မော်စကိုမှာကျင်းပမှာဖြစ်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကို အခမ်းအနားကို ပါဝင်တက်ရောက်နိုင်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံက ကိုယ်စားပြုတပ်ဖွဲ့ကိုလည်း ရင်ပြင်နီချီတက်ပွဲမှာ ပါဝင်ချီတက်စေလိုပါတယ်။ နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးလိုပြီးတော့ နိုင်ငံတကာပြဿနာအများစုနဲ့ပတ်သက်ပြီး ရုရှား-မြန်မာ ရပ်တည်ချက်တွေက ကိုက်ညီပါတယ်။ တူညီပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပြီးတော့ အရှေ့ပစိဖိတ်ဒေသများ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ရုရှားနဲ့ မြန်မာနိုင်ငံတို့ လုံခြုံရေးနယ်ပယ်မှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်များကို အတူတူပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ရုရှားနိုင်ငံ ခရီးစဉ်အတွင်း ဆွေးနွေးပွဲများ၊ ဆွေးနွေးမှုများ အောင်မြင်မှုရရှိခဲ့ပါတယ်။ ရရှိထားတဲ့ ရလဒ်တွေကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အသီးသီးမှာ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာယုံကြည်ပါတယ်။ မိမိရဲ့ဆွေးနွေးချက်များကို စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

လေးစားအပ်ပါတဲ့ အဆွေတော် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ နိုင်ငံသမ္မတကြီး မစ္စတာဗလာဒီမာပူတင်နှင့် တက်ရောက်လာကြတဲ့ နှစ်ဖက်က ဧည့်သည်တော်များခင်ဗျာ။ ကျွန်တော်က သမ္မတကြီး မစ္စတာပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကိုချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့အရေးပါပြီးယုံကြည်ရတဲ့ မိတ်ဆွေနိုင်ငံ တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ကျွန်တော်တို့အနေနဲ့ တန်ဖိုးထားပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ ၁၉၄၈ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်း (၇၇) နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးမှုဟာလည်း ပိုမိုနက်ရှိုင်းလာပြီးတော့မှ ပူးပေါင်းဆောင်ရွက်မှုတွေဟာလည်း ပိုမိုအောင်မြင်တိုးတက်လာတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်မှာ အဆွေတော်သမ္မတကြီး မစ္စတာပူတင်နဲ့ နှစ်နိုင်ငံရဲ့နိုင်ငံတကာ အခြေအနေအရပ်ရပ်ကို ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။ အလားတူ ရုရှားနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mr. Mikhail Vladimirovich Mishustim နဲ့ လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးနဲ့လည်း တွေ့ဆုံပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနဲ့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြင့်တင်ရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယနေ့ တွေ့ဆုံပွဲမှာလည်း ကျွန်တော်တို့နှစ်ဦးဟာ နှစ်ဖက်သဘောတူညီချက်များစွာကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်ပါတယ်။ အထူးသဖြင့် သမ္မတကြီးအနေဖြင့်လည်း အသေးစိတ်အားဖြင့် ရှင်းပြပြီးဖြစ်ပါတယ်။ နှစ်ဖက်ယုံကြည်စိတ်ချစွာ ဆွေးနွေးမှုများကြောင့် သဘောတူညီချက် (၁၀) ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ခရီးစဉ်အတွင်းမှာ စိန့်ပီတာစဘတ်မြို့နဲ့ နိုဗာစီဘစ်ရ်စ်ခ်မြို့တို့မှာ မြန်မာကောင်စစ်ဝန်ရုံးများကိုလည်း တရားဝင်ဖွင့်လှစ်သွားမှာဖြစ်တာကြောင့် နှစ်ဖက်အကြား ဆွေးနွေးဖလှယ်မှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ ယခုခရီးစဉ်ကနေ တစ်ဆင့် ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနက်ရှိုင်းစေပြီးတော့မှ နှစ်ဖက်အကြားမှာ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနဲ့ စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွေလည်း မကြာခင်ကာလအတွင်းမှာ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူလူထုကနေပြီးတော့မှ ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးရည်မှန်းချက်များပြည့်မီဖို့ ဆောင်ရွက်တဲ့အချိန်မှာ ရုရှားနိုင်ငံက ဒေသတွင်းရဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ မြန်မာနိုင်ငံအပေါ်မှာ စဉ်ဆက်မပြတ်ထောက်ခံပေးမှုတွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အလေးအနက် ကျွန်တော်ပြောကြားလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ အပြည်ပြည်ဆိုင်ရာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။

အဆွေတော်သမ္မတကြီးခင်ဗျာ - မြန်မာနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားစေဖို့အတွက် ကျွန်တော့်အနေနဲ့ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေး ခရီးစဉ်ကို အစစအရာရာပြည့်စုံအောင် ဆောင်ရွက်ပေးမှုများ၊ နွေးထွေးစွာကြိုဆိုမှုများအတွက်ကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနဲ့ အဆွေတော် သမ္မတကြီးကို အခါအခွင့်သင့်တဲ့အချိန်မှာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်နိုင်ဖို့အတွက်ကိုလည်း ဖိတ်ကြားအပ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေးဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

**❑ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေး**


**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimir-ovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့ အိမ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့အိမ်တော်သို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သုံး (ကြည်း၊ ရေ၊ လေ) နှင့် တာဝန်ရှိသူများ၊ ရုရှားအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုအတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခုဖြစ်ပါကြောင်းနှင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ဦးစွာပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### တိုးတက်ကောင်းမွန်လျက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုသည် (၇၇) နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းနှင့် မိမိနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ချစ်ခင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေးဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးများ လည်ပတ်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံ လွှတ်တော်များအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော်အဆောက်အဦအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများတက်ရောက်ကြသည်။

### ရင်းရင်းနှီးနှီးဆွေးနွေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များသည် ဒူးမားလွှတ်တော် အဆောက်အဦသို့ ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ ဒူးမားလွှတ်တော်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေအနေများ၊ လွှတ်တော်၏ဖွဲ့စည်းထားရှိမှုနှင့် ပါတီများဖွဲ့စည်းထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား လွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ ၏ ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားနိုင်ငံအနေဖြင့် ထောက်ခံအားပေးသွားမည့် အခြေအနေများ၊ ပြည်ပမှအကူအညီများ ရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့်အခြေအနေများ၊ မြန်မာနိုင်ငံ လွှတ်တော်များအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေး

## လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် ရုရှားဖက်ဒရယ်ကောင်စီလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်အဆောက်အဦသို့ ရောက်ရှိကြရာ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌက ဖက်ဒရယ်ကောင်စီလွှတ်တော်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ဆက်လက်၍ ဖက်ဒရယ်ကောင်စီလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်၌ လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဖက်ဒရယ်ကောင်စီမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့

**နေပြည်တော် မတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများနှင့် အတူ ယနေ့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်နှင့် အသက်(၈၅)နှစ် အထက် သက်ကြီးများအား ထောက်ပံ့သော လူမှုရေးပင်စင်အစီအစဉ်တို့မှ အကျိုးခံစားခွင့်ရှိသူများ ပုသိမ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ထောက်ပံ့ကြေးငွေထုတ်ယူနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်(၂)ရပ်၏ အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ကြေးဖြန့်ဝေပြီး အခြေအနေလေ့လာဆန်းစစ်မှု (Post Distribution Monitoring – PDM) နှင့် Case Study များ ပြုလုပ်နေမှုတို့ကို ကြည့်ရှုပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အဘိုးအဘွားများ၊ ကိုယ်စား လာရောက်ထုတ်ယူသူများအား ကြက်ဥနှင့် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်းရှိ ဝါးလက်မှုပစ္စည်းထုတ်လုပ်မှု သင်တန်း၊ အခြေခံ အဆင့်မြင့်စက်ချုပ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ သင်ကြားရရှိသည့် ပညာရပ်များဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မူလတန်းကြိုကျောင်းသို့သွားရောက်ပြီး ကလေးများအား သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လူမှုဝန်ထမ်းရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ သိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်း၊ အထောက်အကူပစ္စည်းနှင့် အလှူပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေး ပစ္စည်းများအား ဘေးသင့်ပြည်သူများထံ အချိန်မီ ထောက်ပံ့နိုင်ရန် စီမံဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရ စစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြု

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်သို့ရောက်ရှိကြရာ မော်စကိုတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**နိုင်ငံတော်သီချင်းအား တီးမှုတ်**

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦးက ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ ***စာမျက်နှာ ၉ သို့***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရ စစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်စဉ်။



## နှစ် (၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၄**

နှစ် (၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် တပ်နယ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

အဆိုပါ တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေး ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းလူနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စု စည်သူသင်္ဂဟာဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေး

## လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ၎င်း၏အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးရုံးသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မော်စကိုမြို့၌ကျင်းပမည့် နှစ် (၈၀) ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား၌ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် လုံခြုံရေးဖိုရမ်များ၌ မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စု စည်သူသင်္ဂဟာဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၈ မှ*

လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုသို့နှုတ်ဆက်စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာ့တပ်မတော်စစ်သီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူစဉ်။

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မတ် ၄

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက အစားထိုးရွေးချယ်ခံတော်မူရသည့် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်းလျှောက်ထားပြီး အစည်းအဝေးသဘာပတိဆရာတော်က အတည်ပြုချက်ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိဥက္ကဋ္ဌ ဆရာတော်ကြီးက နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏ အမည်စာရင်းကို ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။



ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၂၆ ပါးတို့အား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကို လည်းကောင်း၊ အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် ပညာရေးဗဟိုအဖွဲ့ဆရာတော် ၂၃ ပါးတို့အား အသိအမှတ်ပြုလွှာများကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသော ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်နှင့် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ်များကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကိုလည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

ဆက်လက်၍ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက **“ဇယန္တော ဗောဓိယာ မူလေ”** အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီး **“သာဓု”** သုံးကြိမ်ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော်(၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

ရွှေတိဂုံစေတီတော် (၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရား လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များက နှစ်ကျိပ် ရှစ်ဆူဘုရားများကို ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တစ်ပတ်လှည့်လည် ပူဇော်ကြပြီး ချမ်းသာကြီး တန်ဆောင်းအတွင်း ပင့်ဆောင်ကြသည်။

ထို့နောက်ရွှေတိဂုံစေတီတော် (၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ဂေါပကအဖွဲ့ဝင် ဦးကျော်ဇေယျက (၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်း ပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓပူဇနီယမင်္ဂလာ အဖွင့်စကား ဖတ်ကြားလျှောက်ထားပြီး မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ကာ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကြပြီး ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရွှေတိဂုံစေတီတော်(၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်း ပွဲတော် မဟာပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁၃ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သက်ကြီးဘိုးဘွားများအား သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေး

ရန်ကုန် မတ် ၄

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်၏ ညွှန်ကြားမှုဖြင့် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာနနှင့် သွားတုဆေးပညာဌာနတို့ပူးပေါင်း၍ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ကြောင်း သိရသည်။ အဆိုပါဌာနများမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များပါဝင်သောအဖွဲ့သည် ယနေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မရမ်းကုန်းမြို့နယ် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ အဘိုးအဘွား ၅၅ ဦးအား သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ၂၁ ဦးတို့အား အံကပ်များ အခမဲ့ပြုလုပ်ပေးကြသည်။ **မြန်မာ့အလင်း**

## ကျိုက်လတ်မြို့၌ မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှု ပြုလုပ်

ကျိုက်လတ် မတ် ၄

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီက မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားသည်။

မြို့နယ်တိုင်းရင်းဆေးကုဌာန ဆရာမကြီး နော်အဲလာဖောက သနပ်ခါးပင်၏ ဆေးဖက်ဝင်မှုနှင့် မြန်မာ့သနပ်ခါးအပေါ်ချစ်မြတ်နိုးမှု၊ အသုံးပြုမှု စသည်တို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။



ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စသည်တို့မှ သနပ်ခါးလိမ်းခြယ်မှုကို လက်တွေ့သရုပ်ပြကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပဉ္စမတန်း(Grade-5)နှင့် နဝမတန်း(Grade-9) နှစ်ဆုံး စာမေးပွဲ ဒုတိယနေ့ဖြေဆိုမှု ကြည့်ရှုအားပေး၍ ကျောင်းများအတွင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အမှတ်(၂)၊ အမှတ် (၈) ၊ အမှတ်(၁၁) နှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၁) နှင့် အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်းများသို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (Grade-9) နှစ်ဆုံးစာမေးပွဲ ဒုတိယနေ့တွင် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာဘာသာ ဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာစာဖြေဌာန ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများကိုတွေ့ဆုံ၍ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးနှင့် စာမေးပွဲကို စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပနိုင်ရေး မှာကြားပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အောင်သပြေ)၊ အခြေခံပညာအလယ်တန်းကျောင်း(ကုန်းပေါ်)၊ အခြေခံပညာအလယ်တန်းကျောင်း(စဥ့်ဟယ်-၂)၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း(ရွှေညောင်)၊ တာယောအခြေခံပညာမူလတန်းကျောင်း(ရွှေညောင်)၊ ကလောမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(အောင်ပန်း)နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(အောင်ပန်း)နှင့် အခြေခံပညာအလယ်တန်းကျောင်း(ဝါးရုံပင်)သို့ သွားရောက်၍ ကျောင်းအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ) ဆရာ ဆရာမများ၏ တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မတ် ၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မအူတော ကျေးရွာအုပ်စုနှင့် သက်နှင်းအင်း ကျေးရွာအုပ်စုတို့တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေ ဧက ၂၆၀ ဒသမ ၇၀ ဖော်ထုတ်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေနေမှုများ၊ နွေစပါးကို မျိုးစေ့ချကိရိယာ(Seeder)နှင့် ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ ရွှေဟင်္သာဘုန်းတော်ကြီးကျောင်း၌ နေပြည်တော်ကုသရေးဦးစီးဌာနက ဦးဆောင်၍ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၃၀၀ နှင့် တပ်ကုန်းမြို့ပြည်သူ့ဆေးရုံ ခုတင် - ၁၀၀ တို့မှ အထူးကုဆရာဝန်များ ပါဝင်သောအဖွဲ့က ကင်းသာကျေးရွာ၊ ရှောက်ကုန်းကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ ကျားသေအိုင်ကျေးရွာ၊ နွယ်ရစ်ကျေးရွာနှင့် ရွှေမြို့ကျေးရွာတို့မှ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အထူးကုဆရာဝန်ကြီးများကို အမှတ်တရသစ်သီးခြင်း ပေးအပ်ကာ လာရောက်ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အာဟာရဖြစ် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းရှိ ဦးတင်ထွန်းအောင်၏ မွေးမြူရေးခြံတွင် တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားပြီး တောင်သူ ဦးတင်ထွန်းအောင်၏ နွားမွေးမြူရေးခြံအတွင်း နွားများမွေးမြူထားရှိမှုများ၊ စပါးခွံ၊ နွားချေး၊ ကြံမြုပ်ချေး၊ ဖွဲနု၊ EM ဘိုကာရှီနှင့် တင်လဲရည်တို့ဖြင့် စိုက်ပျိုးဧက ၂၀ စာအတွက် သဘာဝမြေဆွေးပြုလုပ်ထားရှိမှုနှင့် နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး အဆိုပါကျောင်းအတွင်း ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများနှင့် ကလေးကစားကွင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေး၍ ကျောင်းစာကြည့်တိုက်အတွက် မတည်ငွေနှင့် စာအုပ်များကို ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိ ရှင်းလင်းဆောင်တွင် ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်တို့မှ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာသုတေသနစီမံကိန်းများ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က ရန်ကုန် နည်းပညာတက္ကသိုလ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တက္ကသိုလ်စဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ အင်ဂျင်နီယာဘာသာရပ်အလိုက် ဌာနမှူးများနှင့် တွေ့ဆုံပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတကာ သုတေသနစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် နည်းပညာအရွေ့နှင့်အတူ အမီလိုက်ပါ ဆောင်ရွက်နိုင်ရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနရှိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း(၂၀၂၁)ဖြင့် ဆောင်ရွက်ထားသော နေရောင်ခြည်အလင်းစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနဓာတ်ခွဲခန်း (Solar Photovoltaic Research Laboratory) ရှိ အဆင့်မြင့် ကိရိယာများတပ်ဆင်ထားရှိမှု၊ ဆိုလာကားပါကင် တည်ဆောက်ပြီးစီးမှု၊ လေးထပ်ခွဲ ဗိသုကာဌာနဆောင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ


## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၄**

မြန်မာ-တရုတ်- ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိသည်။

**ကိုယ်ရေးအချက်အလက်များကောက်ယူ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်နေမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ပြည်နှင်လွှဲပြောင်းရေး ကိစ္စရပ်များတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကောင်းမွန်စွာထိန်းသိမ်းထား**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၉၉၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၉၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဓာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာနှင့် တရုတ်(တိုင်ပေ) တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ရန်ကုန်တက္ကသိုလ်၌ ကျင်းပမည်

**ရန်ကုန် မတ် ၄**

ပညာရေးဝန်ကြီးဌာန (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပ၍ သုတေသနစာတမ်းများကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်နှင့် ရန်ကုန်ပညာရေး တက္ကသိုလ် တို့၌ မတ် ၉ ရက်မှ ၁၁ ရက်အထိ ဖတ်ကြားသွားမည်ဖြစ်သည်။




(၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသန ညီလာခံတွင် ဝိဇ္ဇာပညာရပ်ဆိုင်ရာ စာတမ်း ၁၁၉ စောင်နှင့် သိပ္ပံပညာရပ်ဆိုင်ရာ စာတမ်း ၁၅၅ စောင် တို့ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနှင့် သိပ္ပံခန်းမများတွင် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ခန်းမတွင် စာတမ်း ၂၈ စောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာရေး စိတ်ပညာဆိုင်ရာ စာတမ်း ၇၀ စုစုပေါင်းစာတမ်း ၃၇၂ စောင် တို့ကို ဖတ်ကြားဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ အဌမအကြိမ် ကျောင်းအခြေပြုသင်တန်းဖွင့်

**နေပြည်တော် မတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာ ချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် ရက်သတ္တခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အဌမအကြိမ် ကျောင်းအခြေပြုသင်တန်းကို ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၂၈ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်း၌ သင်တန်းသားသုံးဦး၊ သင်တန်းသူ ၂၃၆ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၃၉ ဦး တက်ရောက်လျက်ရှိပြီး မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❍ *ကျောဖုံးမှ*

အချိန်ပိုမိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရခြင်း ဖြစ်သည်။ နော်တင်ဟမ်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင်လည်း လိဂ်ဝမ်းကလပ် အိတ်စတာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် နိုင်ပွဲရရှိပြီး ပဉ္စမအဆင့်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။

နော်တင်ဟမ်အသင်းသည် ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့်အတူ ခြေစွမ်းအသာဖြင့် ပွဲချိန်အများစု ဖိအားပေး ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ အကောင်းဆုံးတုံ့ပြန်ကစားမှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ နော်တင်ဟမ်အသင်းသည် အစ်ဆွစ်အသင်းကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည့်အတွက် အက်ဖ်အေဖလားပြိုင်ပွဲကွာတားဖိုင်နယ်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

ဂျိုရှုအာဗန်သည် ဂျပန်ဖိုက်တာ ရူအီတီဆုရူရာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ပွဲစဉ် (၆) တွင် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ဂျိုရှုအာဗန်သည် ယခုနှစ်အတွင်း ပထမဆုံးပွဲထိုးသတ်ရခြင်းဖြစ်ပြီး ယခင်က ဘရာဇီးဖိုက်တာ ဘရူနိုဆေးလ်ဗားနှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ပွဲပျက်ခဲ့သဖြင့် ရူအီတီဆုရူရာနှင့် ပြောင်းလဲထိုးသတ်ရခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၁၄ ပွဲထိုးသတ်ထားရာတွင် ၁၂ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး ရူအီတီဆုရူရာမှာမူ ၁၀ ပွဲထိုးသတ်ရာတွင် ၁၀ ပွဲစလုံး အနိုင်ရထားသည်။ ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်မှ UFC နှင့် စတင်လက်တွဲခဲ့သော်လည်း နှစ်နှစ်ကာလအတွင်း ခြောက်ပွဲထိုးသတ်ထားရာ ငါးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ရူအီတီဆုရူရာ၏ စွမ်းဆောင်ရည်ကြောင့် ဂျိုရှုအာဗန်အနေဖြင့် နိုင်ပွဲရယူနိုင်ရန် ခက်ခက်ခဲခဲ ထိုးသတ်ရဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-UFC**

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များတွေ့ဆုံပွဲ ကျင်းပ



**လွိုင်ကော် မတ် ၄**

ကယားပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ များ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ကယားပြည်နယ် ညွှန်ကြားရေး မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ များ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေး မှုအသင်းအဖွဲ့များ အနေဖြင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ ပြန်လည်ဆောင်ရွက်ရမည် ဖြစ် ကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှု ရိုးရာဓလေ့များကို ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်ရန် လိုကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စု အလိုက် ရိုးရာပွဲတော်များ အစဉ်အလာ မပျက် ပြန်လည်ကျင်းပပြုလုပ်နိုင် ရေးနှင့် ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တွင် တိုင်းရင်းသားအားလုံး ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြား သည်။

**ချီးမြှင့်ငွေပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်က ကယား၊ ကယန်း၊ ကယော၊ ဂေဘား၊ မနုမနော (ကော်ယော်) နှင့် ယင်းတလဲ စာပေနှင့်ယဉ်ကျေး မှုအသင်းအဖွဲ့များအား လည်း ကောင်း၊ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးက ဗမာ၊ ကရင်နှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း အဖွဲ့များအား လည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးက ပအိုဝ်း၊ အင်းသားနှင့် လီဆူ စာပေ နှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များ အားလည်းကောင်း ချီးမြှင့်ငွေနှင့် ရုံးသုံးစက်ကိရိယာ ပစ္စည်းများ ပေးအပ်ရာ အသင်းအဖွဲ့အသီးသီး က လက်ခံရယူကြသည်။

ဆက်လက်၍ တက်ရောက် လာကြသည့် စာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များက ဆွေးနွေး တင်ပြချက်များအပေါ် ပြည်နယ် ဝန်ကြီးချုပ်က ပြန်လည်ဖြေကြား ကာ လိုအပ်သည်များကို တာဝန်ရှိ သူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# သဘာဝဘေး ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတောင်သူ ၅၇ ဦးအတွက် ဒေသန္တား ၂၅၄ ကောင် ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၄**

ရာဂီမုန်တိုင်းအရှိန်ဖြင့် ဖြစ်ပေါ်ခဲ့ သည့် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မွေးမြူရေး လုပ်ငန်းများ အရှိန်အဟုန်မပျက် ပြန်လည် လုပ်ကိုင်နိုင်ကြစေရန် မွေးမြူရေး တိရစ္ဆာန်များ ပေးအပ် ခြင်း အခမ်းအနားကို ယနေ့နံနက် ပိုင်းက နေပြည်တော် တပ်ကုန်း မြို့နယ် ဘုရင့်နောင်ရပ်ကွက်၌ ကျင်းပသည်။



အခမ်းအနား၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး က ဒေသ အလိုက်စားရေရိက္ခာဖူလုံပိုလျှံရေး အတွက် နိုင်ငံတော်က ဘက်စုံ ကဏ္ဍစုံမှ အားပေးကူညီဆောင် ရွက်ပေးလျက်ရှိပြီး ပြည်သူများ အာဟာရ ပြည့်ဝရေးအတွက် အရေးပါသည့် အသား၊ ငါး၊ ဥ၊ နို့ နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် ရေးကိုလည်း မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိရာ သဘာဝဘေး ကြောင့် ထိခိုက်ခဲ့ရသည့် မွေးမြူ ရေးလုပ်ငန်းများ အရှိန်အဟုန် မပျက် ပြန်လည်လုပ်ကိုင်နိုင်ကြ စေရန် ယခုကဲ့သို့ နယ်မြေအလိုက် မွေးမြူရေး တိရစ္ဆာန်ကောင်ရေ ပြည့်မီအောင် ထောက်ပံ့ပေးအပ် ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာဝဘေး ရေကြီးရေလျှံမှုကြောင့် ပျက်စီး ဆုံးရှုံးခဲ့သည့် မွေးမြူရေးတောင်သူ ၅၇ ဦးအတွက် ဒေသန္တား ၂၅၄ ကောင်ကို ဒုတိယဝန်ကြီးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်ကြသည်။

ပြည်ထောင်စု နယ်မြေ (နေပြည်တော်)အတွင်းရှိ မွေးမြူ ရေးလုပ်ကိုင်သူများကို မွေးမြူရေး တိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်း ပေးလျက်ရှိရာတွင် ယနေ့အထိ ကျွဲ ၇၁ ကောင်၊ နွား ၁၂၁၅ ကောင်၊ ဝက် ၃၉၅၇ ကောင်၊ သိုး၊ ဆိတ် ၁၆၈၈ ကောင်၊ ဒေသကြက် ၂၃၂၀၇ ကောင်၊ အသားတိုးကြက် ၉၃၇၀၀၊ ဥစားကြက်၉၁၁၅ ကောင်၊ ဘဲ ၁၁၁၆၃ ကောင် ပြန်လည် ဖြည့်ဆည်းပေးခဲ့ပြီး ဆုံးရှုံးခဲ့ရ သည့် မွေးမြူရေး တိရစ္ဆာန်ကောင် ရေ ပြည့်မီအောင် ဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင် တပ်ကုန်း မြို့နယ် ဘုရင့်နောင်ရပ်ကွက်မှ မွေးမြူသူ ၅၇ ဦးအတွက် ဒေသ နွား ၂၅၄ ကောင်ကို ထောက်ပံ့ ပေးအပ်ခဲ့ပြီး အနော်ရထာရပ်ကွက် အတွက် ထောက်ပံ့ပေးအပ်ရန် ကျန်ရှိသည့် နွား ၄၂၅ ကောင်ကို လည်း ယခုလအတွင်း ဆက်လက် ဖြည့်ဆည်း ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် ရွှေမြို့မွေးမြူရေးဇုန်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန၊ ကာကီကင်းဥစားဘဲ ဥဖောက် စက်သို့ရောက်ရှိပြီး ဘဲသားဖောက် လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပဲခူး ဘုရားကြီး ဘဲမွေးမြူရေးခြံသို့ ပို့ဆောင်၍ မွေးမြူသူများအား ဖြန့်ဖြူးမည့် ဘဲပေါက် ကောင်ရေ ၃၁၃၀ နှင့် ဒေသန္တားမျိုး မြှင့်တင် ခြင်း ဆောင်ရွက်နိုင်ရန် အဓိက လိုအပ်သည့် ဒေသန္တား ငါးမျိုး၏ မျိုးဆိုင်ရာ အခြေခံစံနှုန်းများ သတ်မှတ်နိုင်ရန် ဒေသန္တားမွေးမြူ ထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန် ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါ ထိန်းချုပ်ရေးဌာနခွဲ၊ ဇီဝလုံခြုံမှု အဆင့်(၂) ဓာတ်ခွဲခန်း ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်း လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် သက်မွေးပညာသင်ကျောင်းများသို့ လျှပ်စစ်ဆက်သွယ်ရေးနည်းပညာဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၄**

နည်းပညာဆိုင်ရာကို ကျောင်းသား ကျောင်းသားများ သင်ကြား သင်ယူရာတွင် ပိုမိုအထောက်အကူ ပြုနိုင်ရန်ရည်ရွယ်၍ ရန်ကုန် နည်းပညာတက္ကသိုလ်နှင့် သက်မွေး ပညာသင်ကျောင်းများသို့ လျှပ်စစ် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ပစ္စည်းများဖြစ်သည့် ရေဒီယို ပစ္စည်း ၇၅ စုံ ပေးအပ်လှူဒါန်းခြင်း ကို မတ် ၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်နည်းပညာ တက္ကသိုလ် ၌ ကျင်းပသည်။



**ပေးအပ်လှူဒါန်း**

ထိုသို့ ပေးအပ်လှူဒါန်းရာ တွင် ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ လျှပ်စစ်ဆက်သွယ်ရေး နည်း ပညာဆိုင်ရာ ပစ္စည်းများ ဖြစ်သည့် ရေဒီယိုပစ္စည်း ၇၅ စုံကို V-Top Industries Myanmar Limited မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်း ရာသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကိုယ်စား ရန်ကုန်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ်နှင့် သက်မွေးပညာ သင်တန်းကျောင်း များမှ ကျောင်းအုပ်ကြီးများ လက်ခံရယူကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး၌ Artificial Intelligence (AI) နည်းပညာသင်တန်းဖွင့်

**မန္တလေး မတ် ၄**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် AI နည်း ပညာကို ကဏ္ဍအလိုက် အကျိုးရှိ မည့်နေရာများတွင် အသုံးချ လျက်ရှိသကဲ့သို့ သတင်းတု၊ သတင်းမှားများ၊ Deep Fake Video များ ထုတ်လွှင့်ရာတွင်လည်း အသုံးပြုလာနေပြီဖြစ်ရာ AI နှင့် ပတ်သက်သည့် အကြောင်းအရာ များကို ဝန်ထမ်းတိုင်းက သိရှိ နားလည်ထားကြစေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက Artificial Intelligence (AI) နည်းပညာသင်တန်း ကို မတ် ၄ ရက် နံနက်ပိုင်းက မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး Community Centre သင်တန်း ခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

အဆိုပါ နည်းပညာသင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး က အမှာစကားပြောကြားပြီး သင်တန်းနည်းပြ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ယမင်းလှိုင် က Artificial Intelligence (AI) သင်တန်းတွင် ပါဝင်မည့်သင်ခန်း စာများအကြောင်း ရှင်းလင်း ပြောကြားကာ သင်တန်းနည်းပြ က သင်တန်းကို ဆက်လက်ပို့ချ ပေးသည်။

အဆိုပါ သင်တန်းသို့ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူ၊ မန္တလေးမြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ မြို့နယ် ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူး၊ ဓာတ်ပုံကျွမ်းကျင် နှင့် ရုပ်/သံ ကျွမ်းကျင်ဝန်ထမ်း စုစုပေါင်း ၃၅ ဦးနှင့် တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/ မြို့နယ်များမှ ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကြောင်း သိရ သည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



# မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့အပေါ် ချမှတ်လိုက်သော စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း စတင်အသက်ဝင်

ဝါရှင်တန် မတ် ၄

မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့အပေါ်ချမှတ်လိုက်သော စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းသည် မတ် ၄ ရက်တွင် စတင်အသက်ဝင်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များကို ပြောကြားလိုက်သည်။

အပြန်အလှန်အခွန်စည်းကြပ်မှုများကို ဧပြီ ၂ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်းလည်း အမေရိကန်သမ္မတထရမ့်က ထပ်လောင်းပြောကြားလိုက်သည်။

ကနေဒါစွမ်းအင်ထုတ်ကုန်များအတွက် အထူးစည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်မှုနှင့်အတူ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ တင်သွင်းသည့်ကုန်ပစ္စည်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်းကောက်ခံမည့် သမ္မတအမိန့်တစ်စောင်ကို ဖေဖော်ဝါရီ ၁ ရက်တွင် သမ္မတထရမ့်က လက်မှတ်ရေးထိုးခဲ့သည်။



နှစ်နိုင်ငံ အခွန်ကိစ္စညှိနှိုင်းဆွေးနွေးမှုအတွက် အချိန်ပိုမိုရရှိရန် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ ကုန်ပစ္စည်းများအပေါ် ထပ်တိုးအခွန်စည်းကြပ်မှုကို တစ်လကြာဆိုင်းငံ့သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် ထရမ့်က ကြေညာခဲ့သည်။ **ဆင်ဟွာ**

# အိုပက်ပလပ်စ်က ဧပြီလမှစတင်ကာ ရေနံတိုးမြှင့်ထုတ်လုပ်သွားမည်

ဘာဂဒက် မတ် ၄

ရေနံတင်ပို့သော နိုင်ငံများအဖွဲ့နှင့် အခြားရေနံထုတ်လုပ်သည့် နိုင်ငံများ (အိုပက်ပလပ်စ်)က ၎င်းတို့အဖွဲ့အနေဖြင့် ရေနံစိမ်းတိုးမြှင့်ထုတ်လုပ်ရေး အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိုပက်အဖွဲ့ကို ဈေးနှုန်းလျှော့ချရေး ဖိအားပေးပြီးနောက် ရေနံတင်ပို့သောနိုင်ငံများအဖွဲ့၏ အဆိုပါ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများမှာ လာမည့်လမှစတင်ကာ ထုတ်လုပ်မှုကို အဆင့်အလိုက် တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလတွင် ဒါးဗိုစ်ကမ္ဘာ့စီးပွားရေးဖိုရမ်ကို အွန်လိုင်းမှ တစ်ဆင့် ပါဝင်တက်ရောက်ခဲ့သော ဒေါ်နယ်ထရမ့်က ရေနံဈေးနှုန်းများ လျှော့ချရေးနှင့်ပတ်သက်ပြီး ရေနံထုတ်လုပ်သူများအား တောင်းဆိုထားသည်။ အိုပက်ပလပ်စ်အဖွဲ့အစည်းက ၎င်းတို့၏ နောက်ဆုံးထုတ်ပြန်ကြေညာချက်တွင် အဆိုပါ တောင်းဆိုမှုကို ထည့်သွင်းဖော်ပြခြင်းမရှိဘဲ ဈေးကွက်အလားအလာကောင်းများကိုသာ ဖော်ပြခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# အာဖရိကဦးချိုဒေသတွင် ဒုက္ခသည်၊ ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း ၂၆ သန်းကျော်ရှိ

**နေရပ်စွန့်ခွာသူများ မြင့်တက်လာခြင်းမှာ ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ ပဋိပက္ခဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့်ဖြစ်**

နိုင်ရိုဘီ မတ် ၄

အာဖရိကဦးချိုဒေသတွင် ဒုက္ခသည် သို့မဟုတ် ပြည်တွင်းနေရပ်စွန့်ခွာသူများ (အိုင်ဒီပီအက်စ်) အဖြစ် နေထိုင်ကြသူပေါင်း ၂၆ ဒသမ ၃ သန်းခန့်ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်)က မတ် ၄ ရက်တွင် အစီရင်ခံ ဖော်ပြထားသည်။

အစီရင်ခံဖော်ပြချက်အရ ၂၀ ဒသမ ၇ သန်းမှာ ပြည်တွင်းနေရပ်စွန့်ခွာသူများဖြစ်ပြီး ကျန် ၅ ဒသမ ၆ သန်းမှာ ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူများ ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ နေရပ်စွန့်ခွာသူများ မြင့်တက်လာရခြင်းမှာ ဖေဖော်ဝါရီလက ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာရ်စီ) အရှေ့ပိုင်းတွင် ပဋိပက္ခဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ပြောသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ဒီအာရ်စီနိုင်ငံမှ လူပေါင်း ၆၅၀၀၀ ခန့်မှာ ဘူရွန်ဒီနိုင်ငံသို့ ရောက်ရှိလာပြီး ၁၅၉၃၇ ဦးမှာ ယူဂန်ဒါနိုင်ငံသို့ ရောက်ရှိလာကြကြောင်း၊ အီဂျစ်နိုင်ငံက ဆူဒန်နိုင်ငံမှ ဒုက္ခသည် ၁ ဒသမ ၅ သန်းဖြင့် အများဆုံး လက်ခံထားပြီး ယင်းနောက်တွင် တောင်ဆူဒန်နိုင်ငံက ၁ ဒသမ ဝ၅ သန်း၊ ချဒ်နိုင်ငံက ၇၅၉၀၅၈ ဦးဖြင့် အများဆုံး လက်ခံထားကြကြောင်း သိရသည်။

အာဖရိက ဦးချိုဒေသတွင် နေရပ်စွန့်ခွာမှုဖြစ်ပွားရခြင်းများ၏ အဓိကအကြောင်းရင်းများမှာ ပဋိပက္ခဖြစ်ပွားမှု၊ ရေကြီးရေလျှံခြင်းနှင့် မိုးခေါင်ခြင်းကဲ့သို့သော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ စားရေရိက္ခာမဖူလုံမှုတို့ကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောသည်။ **ဆင်ဟွာ**



ဆိုမာလီယာနိုင်ငံ အာ့ဖ်ဂိုယေးမြို့ရှိ ဒုက္ခသည်စခန်းတစ်ခုကို တွေ့ရစဉ်။

# ရာသီဥတုပြောင်းလဲမှုက မြို့အများအပြားကို မီးလောင်မှုဖြစ်စေ

ဆစ်ဒနီ မတ် ၄

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန်များ မြင့်တက်လာသည့်အတွက် ကမ္ဘာတစ်ဝန်းရှိ မြို့အများအပြားမှာ မီးလောင်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဩစတြေးလျနှင့် နိုင်ငံတကာသုတေသီများအဖွဲ့က မတ် ၄ ရက်တွင် ပြောကြားလိုက်သည်။

တောမီးလောင်မှုများသည် လာမည့်ဆယ်စုနှစ်များတွင် ပိုမိုဖြစ်လာနိုင်ကြောင်း သုတေသနစာတမ်းတစ်ခုတွင် ဖော်ပြထားသည်။ ၂၀၂၀ နှင့် ၂၁၀၀ ပြည့်နှစ်ကြား မီးဘေးအန္တရာယ်နှင့် ဆက်စပ်ဖြစ်စဉ်များကြောင့် ကမ္ဘာတစ်ဝန်း လူပေါင်း ၃၃၀၀၀၀ ခန့် သေဆုံးနိုင်ပြီး တစ်သန်းကျော် ထိခိုက်ဒဏ်ရာရရှိနိုင်ကြောင်း သုတေသီများက ပြောသည်။

ကမ္ဘာ့အပူချိန်သည် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အောက်ကျဆင်းခဲ့မည်ဆိုပါက သေဆုံးနိုင်ခြေလည်း ထက်ဝက်ခန့်ကျဆင်းနိုင်ကြောင်း ၎င်းတို့က ပြောသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ တောင်ကုန်းထူထပ်သော နေရာများတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းမည်

တိုကျို မတ် ၄

မတ် ၄ ရက်မှစကာ တောင်ကုန်းထူထပ်သော ကန်တို - ကိုရှင်းဒေသ၌ ဆီးနှင်းများထူထပ်စွာ ကျဆင်းမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောကြားသည်။

မတ် ၅ ရက်အထိ ကန်တိုတောင်ပိုင်းဒေသများတွင် နှင်းများ စုပြုံကျဆင်းနိုင်သဖြင့် သယ်ယူပို့ဆောင်ရေးကို ဟန့်တားနှောင့်ယှက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

မိုးရွာစေမည့် လေအေးစီးကြောင်းများနှင့် အေးပြီးစွတ်စိုသည့် လေများကြောင့် တိုကျိုအပါအဝင် ဂျပန်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဆီးနှင်းများ စုပြုံကျဆင်းစေနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။


ဂျပန်နိုင်ငံတောင်ပိုင်းကမ်းရိုးတန်းမှ ဟွန်ရှူးကျွန်းတစ်လျှောက်ဖြစ်ပေါ်နေသည့် လေအေးစီးကြောင်းပေါ်တွင် တည်ရှိနေသော လေဖိအားနည်းရပ်ဝန်းတစ်ခုသည် အရှေ့ဘက်သို့ ရွေ့လျားသွားမည်ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။

ကန်တို - ကိုရှင်ဒေသ၊ ရှီဆူအိုကာခရိုင်နှင့် တိုဟိုကူဒေသ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် မတ် ၄ ရက်မှ မတ် ၅ ရက်အထိ ဆီးနှင်းများထူထပ်စွာ ကျဆင်းမည်ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ဆက်လက်ပြောကြားသည်။ ကန်တို-ကိုရှင်ဒေသ၏ မြေနိမ့်ပိုင်းများသည် အခြားနေရာများထက် ဆီးနှင်းများ ပိုမိုထူထပ်စွာကျဆင်းမည်ဖြစ်ကြောင်း သိရသည်။

ဆီးနှင်းများဖုံးလွှမ်းပြီး ချော်နေသည့်လမ်းများကြောင့် ယဉ်ကြောပိတ်ဆို့နိုင်ခြေနှင့် ယာဉ်မောင်းနှင်ရာတွင် အဟန့်အတားအနှောင့်အယှက်များဖြစ်နိုင်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများကို သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**



## ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၇၀၀ ကီလို၊ ဘိန်းဖြူဘလောက်တုံး ၄၈၀ တုံး၊ အလေးချိန် ၁၆၈ ကီလို ဖမ်းဆီးရမိ



◆ *ကျော်ဖုံးမှ*

ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁ နာရီတွင် ပဲခူး မြို့နယ် ဘောနတ်ကြီးကျေးရွာ အနီး ရန်ကုန်-မန္တလေး (အမြန် လမ်း) မိုင်တိုင်အမှတ်(၃၉)တွင် သတင်းရရှိထားသည့် ALPHARD ယာဉ်နှင့်အတူ နေမျိုးထက်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ် ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲ တွင် ရန်ကုန်-မန္တလေး (အမြန် လမ်း) မိုင်တိုင်အမှတ်(၃၉/၄) အနီးရှိ ယာဉ်ရပ်နားဝင်းတွင် ရပ်တန့်ထားသည့် ALPHARD မော်တော်ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၄၄၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ဝမ်ဟိုင်းမှ ရန်ကုန်မြို့သို့ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀၀ ကို ငွေကျပ်သိန်း ၁၀၅၀ ဖြင့် တာဝန်ခံသယ်ဆောင်ခဲ့သူ ဇော်မြတ်ထွန်း၊ ကျော်သူရစိုး၊ ကျော်သူဝင်းနှင့်စိုင်းအောင်သူရတင် တို့ကို မင်္ဂလာဒုံမြို့နယ်တွင် WISH မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ ဖော်ထုတ်ချက်အရ ရန်ကုန်မှ မြဝတီသို့ ပို့ဆောင်မည့် အိုက်စ်ကီလို ၂၆၀ နှင့် ဘိန်းဖြူ ဘလောက်တုံး ၁၆၈ ကီလို အား လက်ခံထားရှိသူ အောင်ဇော်ဝင်း ကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ကုန်စည်ကားဝင်းတွင် ဆက်လက် ဖမ်းဆီးရမိခဲ့ပြီး မိတ္ထီလာမှ အမြန် လမ်း(၃၉)မိုင်သို့ မူးယစ်ဆေးဝါး သယ်ဆောင်ခဲ့သူ သူရိန်ထွန်း(ခ) သူရထွန်းကို ကမာရွတ်မြို့နယ် ရှိ ဟိုတယ်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင် ရာ၌ ပူးပေါင်းပါဝင်သူများဖြစ် သည့် ထက်နိုင်(ခ)ကိုကိုဝင်းသူ ကို ရပ်စောက်မြို့တွင်လည်း ကောင်း၊ ရဲမြင့်သိန်းကို အောင်ပန်း မြို့တွင်လည်းကောင်း၊ အမြန်လမ်း (၃၉) မိုင်မှ ရန်ကုန်မြို့ အမှတ်(၇) လမ်းမကြီးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ပေးသူ ကိုကိုဝင်း ကို ရေတာရှည်မြို့နယ်တွင် TOYOTA CROWN မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ရန်ကုန်မှ မြဝတီ သို့ မူးယစ်ဆေးဝါးများ ပို့ဆောင်သူ ရင်ပိုက်ဦး(ခ)ရန်ပိုင် (ခ)လွှမ်းပိုင် ကို ပုသိမ်မြို့၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ် ဆောင်ခဲ့သည့် Grand Tiger Double Cab ယာဉ်အား မိတ္ထီလာ မြို့နယ် အိုင့်ကျေးရွာတွင်လည်း ကောင်း၊ TOYOTA HILUX SURF မော်တော်ယာဉ်အား မရမ်းကုန်း မြို့နယ်တွင် လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက် တုံး ၄၀၀၊ အလေးချိန် ၁၆၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်း ရမိ မူးယစ်ဆေးဝါးများကို ရှမ်း ပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ် ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထား ရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်းမှ ဖမ်းဆီးနှိပ်စက်မှုကြောင့် အမျိုးသားနှစ်ဦး သေဆုံး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တပ်တွင်းစည်းရုံးရေးပြိုကွဲနေ ခေါင်းစဉ်ဖြင့်လည်းကောင်း မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေ

**နေပြည်တော် မတ် ၄**

ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်း မှ ဖမ်းဆီးနှိပ်စက်မှုကြောင့် အမျိုးသားနှစ်ဦး သေဆုံးခေါင်းစဉ် ဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က Ayeyarwaddy Times အမည်ရှိ Facebook Page တွင် ပြည်သူ လူထု ထင်ယောင်ထင်မှား ဖြစ်စေ ရန် မဟုတ်မမှန် လုပ်ကြံသတင်း ရေးသား ဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီသာ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပြီး တပ်ဖွဲ့နှင့် ပတ်သက်၍ တိကျစွာ တိုင်တန်း တင်ပြလာပါက စစ်ဆေး ဖော်ထုတ်သွားမည်ဖြစ်ကာ အပြစ် ကျူးလွန်ကြောင်း တွေ့ရှိပါက လည်း အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း ရှင်းလင်းထား သည့်အတွက် Ayeyarwaddy Times အမည်ရှိ Facebook Page ၏ သတင်းရေးသား ဖော်ပြ ထားမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှား ဖြစ်စေရန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် ရည်ရွယ်ရေးသားထားခြင်း ဖြစ် သည်။


ထို့အတူ တပ်တွင်းစည်းရုံးရေး ပြိုကွဲနေခေါင်းစဉ်ဖြင့် The Irrawaddy Burmese Edition အမည်ရှိ Facebook Page က လည်း ဖေဖော်ဝါရီ ၂၅ ရက်က မဟုတ်မမှန် သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရှိရပြီး အမှန်မှာ တပ်မတော်အတွင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ် သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့်အတွက် The Irrawaddy Burmese Edition အမည်ရှိ Facebook Page၏ဖော်ပြမှုသည် တပ်မတော် အတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲ စေရန်၊ ပြည်သူလူထုမှ တပ်မတော် အပေါ် အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေ ခဲ့ခြင်းဖြစ်သည်။

**လင်းလင်း**

## တာချီလိတ်မြို့နယ်နှင့် တောင်ငူမြို့တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့ တာလေ့ရပ်ကွက် ကမ်းနားလမ်း နှင့် အောင်ဇေယျလမ်းထောင့်တွင် မသင်္ကာဖွယ် တွေ့ရှိသူ အိုက်လျှံနိုး ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ဘလောက်တုံး ၃ ဒသမ ၄ ကီလို (တစ်ကီလိုလျှင် ကျပ်သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ သိန်း ၅၁၀) နှင့် စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၄၈၀ (တစ်ပြားလျှင် ၄၀၀၀၀ ကျပ် နှုန်း ဖြင့် ၎င်းဒေသတန်ဖိုးငွေ ၁၉၂ သိန်း) ကိုလည်းကောင်း။



အိုက်လျှံနိုးနှင့်ကျမူးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။

မတ် ၂ ရက် ညနေ ၄ နာရီခွဲ တွင် တာချီလိတ်မြို့နယ် မိုင်းကိုး ကျေးရွာအုပ်စု နမ့်ဖူးကျေးရွာရှိ ကျမူး၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေ ၈၈ ဒသမ ၂ သိန်း) ကိုလည်း ကောင်း၊ ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် တောင်ငူမြို့ (၁၉) ရပ်ကွက် ရန်ကုန်-မန္တလေးလမ်း ဟောင်းတွင် နေလင်းအောင်(ခ) အိုင်မောင်းနှင့်ပြီး မျိုးမင်းထက်(ခ) ငိန်းချယ်လယ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေသိန်း ၁၆၀) သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အရေးယူဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ရဲပြန်ကြား**

# မြေကြီးမှ ရွှေသီးစေဖို့ ဆိုလာရေတင်စနစ်ကို သုံးကြစို့

**အိအိစံ(Sugar Land)**

**ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း မတ်လ ၁ ရက်နေ့က (၆၃)ကြိမ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြုလုပ်သည့် မျိုးစေ့ပြပွဲကို သွားရောက်လေ့လာရန်အတွက် ကျွန်မတို့ ကံဦးကျေးရွာမှ တောင်သူလယ်သမားများသည် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး၏ စီစဉ်ပေးမှုဖြင့် သွားရောက်လေ့လာခဲ့ကြသည်။**

ပြပွဲ၌ နေကြာသီးနှံမျိုးကွဲအမျိုးမျိုး၊ ချည်မျှင်ရှည်ဝါမျိုးကွဲများ၊ နှံစားသီးနှံများ၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်) မျိုးကောင်းမျိုးသန့် စိုက်ခင်းများ၊ စင်တင်သစ်သီးဝလံ (ဘူး၊ ဖရုံ၊ သခွား) အပါအဝင် အမျိုးအစားပေါင်း ၃၉ မျိုး သီးပွင့်ဝေဆာနေသည်ကို တွေ့ခဲ့ရသည်။ ငှက်ပျော၊ မာလကာ၊ ပိန္နဲ၊ စပျစ်၊ သရက်နှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးပြသထားသည်ကိုလည်း လေ့လာခွင့်ရခဲ့သည်။

ပြပွဲတွင် မျိုးစေ့ချကိရိယာအမျိုးမျိုး၊ မျိုးစေ့ထုတ်ကုမ္ပဏီများမှ လာရောက်ခင်းကျင်းပြသသော မျိုးစေ့များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်လုပ်ဖြန့်ဖြူးသော မျိုးစေ့အမျိုးမျိုးကို လေ့လာခွင့်ရခဲ့သည်။ ရွာမှ အတူပါလာကြသော တောင်သူလယ်သမားကြီးများကလည်း သိလိုသည်များကို မေးမြန်းစူးစမ်းနေကြသကဲ့သို့ အနယ်နယ်မှလာရောက်ကြသော လေ့လာရေးတောင်သူများကလည်း စိုက်ခင်းများထဲသို့ တစ်စု၊ ပြခန်းများသို့ တစ်သွယ်၊ ဆွေးနွေးပွဲများဆီသို့တစ်လီ အသီးသီး စည်စည်ဝေဝေဖြင့် မေးမြန်းလေ့လာကြည့်ရှုလျက်ရှိပြီး ပြပွဲတာဝန်ကျသူများကလည်း အားတက်သရော ဆွေးနွေးဖြေကြားပေးလျက်ရှိသည်။

အဆိုပါပြပွဲတွင် ကျွန်မစိတ်ပါဝင်စားစွာ လေ့လာခဲ့သည်ထဲတွင် ဆိုလာစနစ်ဖြင့် ရေတင်၍ စိုက်ပျိုးရေပေးဝေခြင်းပင်ဖြစ်သည်။ သရုပ်ပြရေကန်လေးမှ ဆိုလာစနစ်ဖြင့် ရေတင်ပြနေသည်ကပင်လျှင် မြင်ရသည်မှာ အေးချမ်းလှပေသည်။ ကျွန်မအနေဖြင့် အသေးစိတ်သိလို၍ ဆိုလာစနစ်ဖြင့် ရေတင်မှုပြခန်း၌ တာဝန်ကျသော ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန (ရေအရင်းအမြစ်)မှ တာဝန်ရှိသူများအား လေ့လာခဲ့သည်များကို သိရှိစေရန် ဖောက်သည်ချလိုက်ရပါသည်။

**ရေတင်ဆိုလာပန့် အမျိုးအစားများ**

ဆည်မြောင်းနှင့် ရေအရင်းအမြစ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်သက်က ဆွေးနွေးရာ၌ ယခုပြသထားသည်မှာ နေရောင်ခြည်စွမ်းအင်သုံး ရေပေးသွင်းနေသည့် ရေတင်ဆိုလာပန့် အမျိုးအစားများက သုံးလက်မရေမြှုပ်ပန့်၊ ခြောက်လက်မရေမြှုပ်ပန့်နှင့် အသေးစားစိုက်ပျိုးရေးသုံး ဆိုလာပန့်များဖြစ်ကြကြောင်း၊ သုံးလက်မရေတင်ဆိုလာပန့်စနစ် အသုံးဝင်ပုံမှာ တစ်ရက်ရေတင်နိုင်မည့်နာရီမှာ ရှစ်နာရီဖြစ်ပြီး တစ်ရက်ရရှိနိုင်မည့် ရေပမာဏမှာ ဂါလန် ၃၆၀၀၀ ဖြစ်ကြောင်း၊ သီးနှံသက်တမ်းရက် ၁၀၀ အတွက် ရေဂါလန် ၃၆ သိန်း ရရှိမည်ဖြစ်၍ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ခြောက်ဧကကို စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ သီးနှံသက်တမ်း ၁၃၅ ရက်အတွက်ဆိုလျှင် ရေဂါလန် ၄၈ သိန်း ရရှိမည်ဖြစ်၍ နွေစပါး သုံးဧကကို လုံလောက်စွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ သုံးလက်မ ရေတင်ဆိုလာပန့်စနစ် ဝယ်ယူတပ်ဆင်ခြင်း ကုန်ကျစရိတ်အနေဖြင့် ဆိုလာရေတင်ပန့်နှင့် မော်တာအတွက် ငွေကျပ် ခြောက်သိန်း၊ ၆၉၀ ဝပ် ဆိုလာပြားနှစ်ချပ်အတွက် ငွေကျပ် ၁၁ သိန်းခြောက်သောင်း၊ လျှပ်စစ်မီးကြိုးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ငါးသောင်း၊ ပန့်အဝင်အထွက်ပိုက်များအတွက် ငွေကျပ် ခြောက်သိန်း၊ ဆိုလာပြားတပ်ဆင်ရန် သံဖရိန်အတွက် ငွေကျပ် နှစ်သိန်းခွဲ စုစုပေါင်းကုန်ကျစရိတ် ခန့်မှန်း နှစ်ဆယ့်ခြောက်သိန်းကျပ်နှင့် သိန်းသုံးဆယ်နီးပါးဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့်အဖွဲ့ ဆိုလာစနစ်သုံးပန့်များ၏ ဆိုလာပါဝါနည်းအသုံးပြု၍ ရေပေးဝေနိုင်မှု သရုပ်ပြခြင်းကို ကြည့်ရှုအားပေးစဉ်။(၁-၃-၂၀၂၅)

ဓာတ်ပုံ-ကောင်းထွဋ်ဦး(ရေအရင်းအမြစ်)

**■ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသော တောင်သူများ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်ပန့်များသည် များစွာအသုံးဝင်ပေမည်။ သီးထပ်သီးညှပ်များ ရာသီအလိုက်စိုက်ပျိုးနိုင်မည်ဖြစ်သကဲ့သို့ ဝင်ငွေရသီးနှံများကိုလည်း မိုးကိုမမျှော်ကိုးရတော့ဘဲ ရာသီချိန်မီစိုက်ချိန်မီ စိုက်ပျိုးနိုင်မည်**

**■ ဆိုလာစွမ်းအင်သုံး ရေတင်ပန့်များနှင့်ပတ်သက်၍ သိရှိလိုသည်များ တပ်ဆင်အသုံးပြုလိုသည့် တောင်သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနမှ ဝန်ထမ်းများက ဝယ်ယူတပ်ဆင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနေပြီး နိုင်ငံ့စီးပွားရန်ပုံငွေရယူပြီး တပ်ဆင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်**

ခြောက်လက်မ ရေမြှုပ်ပန့် ရေထွက်နှုန်းမှာ တစ်နာရီ ဂါလန် ၁၅၀၀၀၊ ရေတင်အမြင့်ပေ ၁၀ပေ၊ မော်တာအမျိုးအစားသည် ဆိုလာမှ လျှပ်စစ်အားတိုက်ရိုက်သုံးမော်တာ(DC)ဖြစ်ပြီး မော်တာအသုံးပြုလျှပ်စစ်ပါဝါမှာ ဝပ် ၈၀၀ (1 Hp)၊ ဆိုလာစနစ်မှာ ဝပ် ၆၉၀၊ နှစ်ချပ်ဝပ် ၁၃၈၀ ဖြစ်ကြောင်း၊ ခြောက်လက်မရေတင်ဆိုလာပန့်စနစ် အသုံးဝင်ပုံမှာ တစ်ရက်ရေတင်နိုင်မည့်အချိန်မှာ ရှစ်နာရီဖြစ်ကာ တစ်ရက်ရရှိနိုင်မည့် ရေပမာဏမှာ ဂါလန် ၁၂၀၀၀၀ ဖြစ်၍ သီးနှံသက်တမ်းရက် ၁၀၀ အတွက် ရေဂါလန် သိန်း ၁၂၀ ရရှိမည်ဖြစ်၍ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ၂၂ ဧက စိုက်ပျိုးနိုင်မည်ဖြစ်ပြီး သီးနှံသက်တမ်းရက် ၁၃၅ ရက်အတွက်ဆိုရင် ရေဂါလန် ၁၆၂ သိန်းရရှိမည်ဖြစ်၍ နွေစပါး ၁၀ ဧက စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခြောက်လက်မရေတင်ဆိုလာပန့်စနစ် တပ်ဆင်ခြင်း ကုန်ကျစရိတ်မှာ မော်တာအတွက် ငွေကျပ် ၁၈ သိန်း၊ ၆၉၀ ဝပ် ဆိုလာပြားနှစ်ချပ်အတွက် ငွေကျပ် ၁၁ သိန်း ခြောက်သောင်း၊ လျှပ်စစ်မီးကြိုးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ငါးသောင်း၊ ပန့်အထွက်ပိုက်နှင့် ပန့်အထိုင်သံခြင်းများအတွက် ငွေကျပ် ခုနစ်သိန်း၊ ဆိုလာပြားတပ်ဆင်ရန် သံဖရိန်အတွက် ငွေကျပ် နှစ်သိန်းခွဲ စုစုပေါင်းကုန်ကျစရိတ်မှာ သုံးဆယ့်ကိုးသိန်းခြောက်သောင်းဖြစ်ကြောင်း သိရသည်။

နောက်တစ်မျိုးမှာ ၀ ဒသမ ၅ လက်မ ရေမြှုပ်ပန့်ဖြစ်ပြီး ပန့်ရေထွက်နှုန်းကတော့ တစ်နာရီ ဂါလန် ၅၀၀၊ ရေတင်အမြင့်ပေ ၁၁၈ ပေဖြစ်ပြီး အသေးစားရေဖျန်းစနစ်(Mini Sprinkler) တပ်ဆင်နိုင်မှုမှာ ၁၅ ခုဖြစ်သည်။ ပိုက်လိုင်းအရှည် ပေ ၁၀၀၊ မော်တာအမျိုးအစားမှာ ဆိုလာမှ လျှပ်စစ်အားတိုက်ရိုက်သုံးမော်တာ (DC)၊ မော်တာအသုံးပြုလျှပ်စစ်ပါဝါက ဝပ် ၃၀၀ (0. 4 Hp) ဆိုလာစနစ်မှာ ဝပ် ၆၉၀၊ တစ်ချပ် ဝပ် ၆၉၀ ဖြစ်ကြောင်း သိရသည်။

**ဆိုလာပန့်နှင့် Sprinkler စနစ်**

သီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူများအတွက် ဆိုလာပန့်နှင့် Sprinkler စနစ် အသုံးပြုခြင်းဖြင့် တစ်ရက်လျှင် ရေတင်နိုင်မည့်နာရီမှာ ရှစ်နာရီဖြစ်ကြောင်း၊ တစ်ရက်လျှင်ရရှိနိုင်မည့် ရေပမာဏမှာ ဂါလန် ၄၀၀၀ ဖြစ်ပြီး သီးနှံသက်တမ်းရက် ၁၀၀ အတွက် ရေဂါလန် လေးသိန်းရရှိမည်ဖြစ်၍ ပန်းမျိုးစုံနှင့် စားဖိုဆောင်သီးနှံများအတွက် သုံးဧက စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ် ဆိုလာရေတင်ပန့်နှင့် မော်တာအတွက် ငွေကျပ် ကိုးသိန်းခွဲ၊ ၆၉၀ ဝပ် ဆိုလာပြားတစ်ချပ်အတွက် ငွေကျပ် ငါးသိန်းရှစ်သောင်း၊ လျှပ်စစ်မီးကြိုးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ငါးသောင်း၊ Sprinkler နှင့် ပိုက်လိုင်းတပ်ဆင်ခြင်း ၀ ဒသမ ၂၅ ဧကအတွက် ငွေကျပ် ၁၂ သိန်းခြောက်သောင်း၊ ဆိုလာပြားတပ်ဆင်ရန် သံဖရိန်အတွက် ငွေကျပ် တစ်သိန်းခွဲ၊ စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် နှစ်ဆယ့်ကိုးသိန်းကိုးသောင်းဝန်းကျင်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရေအရင်းအမြစ်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က လေးလက်မရေမြှုပ်ပန့်နှင့် Sprinkler (Rain Gun) နှစ်လက်မရေမြှုပ်ပန့်တို့အကြောင်း ရှင်းပြရာတွင် လေးလက်မပန့်ရေထွက်နှုန်းသည် တစ်နာရီ ဂါလန် ၁၂၅၀၀ ရှိပြီး ရေတင်အမြင့် ၁၅ ပေ နှင့် မော်တာအမျိုးအစားမှာ ဆိုလာမှ လျှပ်စစ်အားတိုက်ရိုက်သုံးမော်တာ (DC)ဖြစ်ကြောင်း၊ မော်တာအသုံးပြုသောလျှပ်စစ်အားမှာ ၁၂၀၀ ဝပ် (1. 5 Hp)ဖြစ်ပြီး ဆိုလာစနစ်မှာ ဝပ် ၆၉၀၊ သုံးချပ် ဝပ် ၂၀၇၀ အသုံးပြုထားခြင်းဖြစ်ကြောင်း၊ လေးလက်မ ရေတင်ဆိုလာပန့်စနစ်အသုံးပြုခြင်းအားဖြင့် တစ်ရက်လျှင် ရေတင်နိုင်မည့်နာရီမှာ ရှစ်နာရီ၊ တစ်ရက်ရရှိနိုင်မည့် ရေပမာဏမှာ ဂါလန် တစ်သိန်း၊ သီးနှံသက်တမ်းရက် ၁၀၀ အတွက် ရေဂါလန် သိန်း ၁၀၀ ရရှိမည်ဖြစ်ပြီး ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ၁၈ ဧက စိုက်ပျိုးနိုင်မည်ဖြစ်ကာ သီးနှံသက်တမ်းရက် ၁၃၅ အတွက်ဆိုလျှင် ရေဂါလန် ၁၃၅ သိန်း ရရှိမည်ဖြစ်၍ နွေစပါး ရှစ်ဧက စိုက်ပျိုးနိုင်မည်ဖြစ်မည်ဖြစ်ကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အဖြစ် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း ဆိုလာစနစ်သုံး အနိမ့်တင်ပန့်များ အသုံးပြု၍ စိုက်ပျိုးရေပေးဝေနိုင်မှုကို သရုပ်ပြသထားစဉ်။(၁-၃-၂၀၂၅)

ဓာတ်ပုံ-ကောင်းထွဋ်ဦး(ရေအရင်းအမြစ်)

*စာမျက်နှာ ၁၇ သို့*

# မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်တံတားများ ဖောက်လုပ်ပြီးစီး

**မိုင်းယောင်း မတ် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း ထွက်ကုန်များ ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာ ရောက်ရှိစေရန် ယမ်းပုံးကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားများ ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။



ယမ်းပုံးကျေးရွာတွင် အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ယမ်းပုံး-ဝမ်မန်း ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်တွင် မြောင်းကူးတံတား နှစ်စင်းနှင့် ရေပြွန်တံတားသုံးစင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းစိုးစိုး၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် ဝန်ထမ်းများ မတ် ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၅၃၃ သန်းဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**



# မြန်မာ့ရိုးရာသနပ်ခါးနေ့ လှုပ်ရှားမှုဆောင်ရွက်

**ပန်းတနော် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် အထောက်အကူဖြစ်စေရေးနှင့် မြန်မာ့ရိုးရာသနပ်ခါးကို တန်ဖိုးထားမြတ်နိုးတတ်စေရေးအတွက် မြန်မာ့သနပ်ခါးအခမ်းအနားကို မတ် ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက မြန်မာ့ရိုးရာသနပ်ခါးနေ့ လှုပ်ရှားဆောင်ရွက်မှုအခမ်းအနား ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တိုးတိုးက မြန်မာ့ရိုးရာသနပ်ခါးအကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများများနှင့်အတူ သနပ်ခါးလူးခြင်းကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပင်းတယမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းပြီးစီး

**ပင်းတယ မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကြေးတွင်းကုန်းကျေးရွာ၊ ဒရယ်အင်းကျေးရွာ၊ ကူးကော်ကျေးရွာနှင့် စံသီးကုန်းကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း လမ်းအရှည်(၀/၄မိုင်)၊ အကျယ် ၁၆ ပေ၊ ဒု ၁၄ လက်မကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၈၂ ဒသမ ၇၃၀ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လမ်းခင်းလုပ်ငန်းများ



ဆောင်ရွက်ပြီးစီးမှုကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလွင်ဖြိုး၊ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးနှင့် တာဝန်ရှိသူများ မတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **အောင်ကိုဦး(ပြန်/ဆက်)**



# မိုးနဲမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**မိုးနဲ မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက နားခံကျေးရွာအုပ်စု ရပ်ကွက် (၃) ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကိုကိုသက်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်အောင်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီး ဦးသိန်းဟန်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းတို့က တောမီးကြောင့် သဘာဝပတ်ဝန်းကျင်၊ စိုက်ပျိုးမြေများ၊ ပြည်သူပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်သည့် အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့များတွင်ပါဝင်သော လေထုညစ်ညမ်းစေသည့်အရာများ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပွားစေနိုင်သော ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ၊ ရိတ်သိမ်းပြီး ပြောင်းရိုးများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ရေး၊ သစ်တောများထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ဟောပြောဆွေးနွေးရာ ဒေသခံများ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

*စာမျက်နှာ ၁၆ မှ*

လေးလက်မရေတင်ဆိုလာပန့်စနစ် တပ်ဆင်ခြင်း ကုန်ကျစရိတ်မှာ ဆိုလာရေတင်ပန့်နှင့် မော်တာအတွက် ငွေကျပ် တစ်ဆယ့်ငါးသိန်း၊ ၆၉၀ ဝပ် ဆိုလာပြားသုံးချပ်အတွက် ငွေကျပ် ၁၇ သိန်းလေးသောင်း၊ လျှပ်စစ်မီးကြိုးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ငါးသောင်း၊ ပန့်အဝင်အထွက်ပိုက်များအတွက် ငွေကျပ် ခြောက်သိန်း၊ ဆိုလာပြားတပ်ဆင်ရန် သံဖရိန်အတွက် ငွေကျပ် နှစ်သိန်းခွဲ စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ် လေးဆယ့်တစ်သိန်း လေးသောင်းဝန်းကျင် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

Rain Gun စိုက်ပျိုးစနစ်သုံးရေတင်ပန့် ရေထွက်နှုန်းမှာ တစ်နာရီ ဂါလန် ၂၄၀၀၊ ရေတင်အမြင့်ပေ ၁၀၅ ပေ၊ စိုက်ခင်းအတွင်း ရေဖျန်းနိုင်သော အကွာအဝေးမှာ အချင်း ပေ ၁၅၀၊ မော်တာအမျိုးအစားမှာ(AC) ဖြစ်၍ အသုံးပြုလျှပ်စစ်အားမှာ ဝပ် ၁၅၀၀ (2 Hp) ဖြစ်ပြီး ဆိုလာစနစ်မှာ ဝပ် ၅၅၀၊ ခြောက်ချပ် ဝပ် ၃၃၀၀ အသုံးပြုရေပေးသွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

သီးနှံစိုက်ပျိုးထုတ်လုပ် တောင်သူများအနေဖြင့် ရေတင်ပန့် (Rain Gun) စနစ်ကို အသုံးပြုသည့်အတွက် တစ်ရက်လျှင် ရှစ်နာရီ ရေတင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ရက်ရရှိနိုင်မည့် ရေပမာဏမှာ ဂါလန် ၁၉၂၀၀ ဖြစ်ပြီး သီးနှံသက်တမ်း ရက် ၁၀၀ အတွက် ရေဂါလန် ၁၉ ဒသမ ၂ သိန်း ရရှိမည်ဖြစ်၍ ကြံ၊ ပြောင်း၊ဂျုံ၊ ဝါ၊ ပဲမျိုးစုံနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးမည်ဆိုပါက လေးဧက စိုက်ပျိုးနိုင်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် Rain Gun စနစ် ဝယ်ယူတပ်ဆင်လျှင် ကုန်ကျစရိတ်အားဖြင့် ရေမှုတ်ပန့်အတွက် ငွေကျပ် သိန်း ၃၀၊ ၅၅၀ ဝပ် ဆိုလာပြား ခြောက်ချပ်အတွက် ငွေကျပ် သိန်း ၃၀၊ Pump Inverter (DC to AC) ငွေကျပ် ၁၆ သိန်း၊ လျှပ်စစ်မီးကြိုးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ဆယ်သိန်း၊ Rain Gun နှင့်ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် နှစ်သိန်းခွဲ၊ Solar PV Panels Carrier အတွက် သိန်းငါးဆယ် စုစုပေါင်းကုန်ကျစရိတ်မှာ တစ်ရာခြောက်ဆယ့်တစ်သိန်းခန့် ကုန်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရေအရင်းအမြစ်မှ ဦးစီးအရာရှိ ဦးယဉ်ထွန်းက ၁ ဒသမ ၅ လက်မ ရေမှုတ်ပန့်ကို အသုံးပြုထားပြီး ရေဖျန်းပန့်ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၁၁၀၀ နှုန်းဖြစ်၍ ရေတက်အမြင့်ပေ ၄၅ ပေနှင့် စိုက်ခင်းအတွင်း ရေဖျန်းနိုင်သော အကွာအဝေးမှာ ၁၀ ပေဖြစ်ကြောင်း၊ မော်တာအမျိုးအစားသည် ဆိုလာမှ လျှပ်စစ်အား တိုက်ရိုက်သုံးမော်တာ (DC)ဖြစ်ပြီး အသုံးပြုလျှပ်စစ်အားမှာ ဝပ် ၃၆၀ (0.5 Hp ) နှင့် ဆိုလာစနစ်မှာ ဝပ် ၆၉၀၊ တစ်ချပ် ဝပ် ၆၉၀ ကို အသုံးပြုထားကြောင်း သိရသည်။

ရေဖျန်းစနစ်အတွက် တစ်ရက်လျှင် ရေတင်နိုင်မည့် ကြာချိန်မှာ ရှစ်နာရီ၊ တစ်ရက်ရရှိနိုင်မည့် ရေပမာဏမှာ ဂါလန် ၈၈၀၀ ဖြစ်ပြီး သီးနှံသက်တမ်း ရက် ၁၀၀ အတွက် ရေဂါလန် ၈ ဒသမ ၈ သိန်း၊ ပန်းမျိုးစုံနှင့် စားဖိုဆောင်သီးနှံ သုံးဧကကို စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ဆိုလာအသုံးပြု၍ ရေဖျန်းစိုက်ပျိုးနည်းစနစ်အတွက် ကုန်ကျစရိတ်အနေဖြင့် ဆိုလာရေတင်ပန့်နှင့် မော်တာအတွက် ငွေကျပ် ဆယ်သိန်း၊ ဝပ် ၆၉၀ ဆိုလာပြားတစ်ချပ်အတွက် ငွေကျပ် ငါးသိန်းရှစ်သောင်း၊ လျှပ်စစ်မီးကြိုးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ငါးသောင်း၊ ရေဖျန်းပိုက်လိုင်းတပ်ဆင်ခြင်း တစ်ဧကအတွက် ငွေကျပ် ကိုးသိန်းခုနစ်သောင်းငါးထောင်၊ ဆိုလာပြားတပ်ဆင်ရန် သံဖရိန်အတွက် ငွေကျပ် တစ်သိန်းခွဲနှင့် စုစုပေါင်း ငွေကျပ် နှစ်ဆယ့်ခုနစ်သိန်းငါးသောင်းငါးထောင်ဝန်းကျင်ဖြစ်ကြောင်း သိရသည်။

ကျွန်မကတော့ မေမေ့ ပန်းစိုက်ခင်းနှင့် ငရုတ်၊ ကန်စွန်းစိုက်ခင်းများအတွက် ၁ ဒသမ ၅ လက်မ ဆိုလာရေမှုတ်ပန့်ကိုဝယ်ရန် ဆုံးဖြတ်လိုက်ပါသည်။ ဈေးနှုန်းလည်း သက်သာပြီး အရည်အသွေးလည်း ကောင်းမွန်သည့်အတွက် သဘောကျမိသည်။ ရေတင်ရန်အတွက် အင်ဂျင်စက်ဖြင့် မောင်းနှင်ရသည့်အတွက် လောင်စာဆီကုန်ကျစရိတ်အပေါ် အမြဲညည်းညူနေသော မေမေလည်း ပျော်သွားမည်ဟု ထင်ပါသည်။

ကျွန်မတို့ကဲ့သို့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသော တောင်သူများ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်ပန့်များသည် များစွာအသုံးဝင်ပေမည်။ သီးထပ်သီးညှပ်များ ရာသီအလိုက်စိုက်ပျိုးနိုင်မည်ဖြစ်သကဲ့သို့ ဝင်ငွေရသီးနှံများကိုလည်း မိုးကို မမျှော်ကိုးရတော့ဘဲ ရာသီချိန်မီစိုက်ချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

### ဗဟုသုတများစွာရရှိခဲ့

နိုင်ငံတော်အကြီးအကဲက သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီးဖြစ်ရာ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ယခုပြပွဲတွင် ပြသထားသော မျိုးစေ့များကို လေ့လာကြည့်ရှုရခြင်းဖြင့် အသိပညာတိုးရသလို မြေပြုပြင်ခြင်းနည်းစနစ်များနှင့်ပတ်သက်၍လည်း လေ့လာခွင့်ရခဲ့သည်။ ရေရရှိရေးနှင့် ပတ်သက်၍လည်း ဆိုလာရေတင်ပန့်များ အကြောင်းကို အသေးစိတ်သိရှိခဲ့ရပါသည်။ နည်းပညာများနှင့်ပတ်သက်၍လည်း ပညာရှင်များက ဆွေးနွေးရှင်းလင်းပေးသဖြင့် ဗဟုသုတများစွာ ရရှိခဲ့သည်။

အထူးသဖြင့် လျှပ်စစ်လောင်စာနှင့် ရေရွှေ့တာကောင်းသော အလားအလာအနာဂတ်မှာဆိုသည့်အတိုင်း ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာဖိုး ကုန်ကျစရိတ်မရှိ၊ လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် မှီခိုမှုကင်းပြီး စိုက်ပျိုးရေလိုအပ်သလို ရွှေ့တာသုံးစွဲနိုင်သည့် ရေတင်ပန့်များသုံးစွဲနိုင်ရေး တိုက်တွန်းအပ်ပါသည်။

ဆိုလာစွမ်းအင်သုံး ရေတင်ပန့်များနှင့်ပတ်သက်၍ သိရှိလိုသည်များ တပ်ဆင်အသုံးပြုလိုသည့် တောင်သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနမှ ဝန်ထမ်းများက ဝယ်ယူတပ်ဆင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနေပြီး နိုင်ငံ့စီးပွားရန်ပုံငွေရယူပြီး တပ်ဆင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ဆိုလာရေတင်စနစ်များ တပ်ဆင်၍ စိုက်ပျိုးထုတ်လုပ်မြှင့်တင်ခြင်းအားဖြင့် ဝင်ငွေတိုးတက်ရရှိစေကာ မြေကြီးမှရွှေသီးစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန် ပစ္စည်းသုံးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Van နှစ်စီး၊ JMC Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၃ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပူတာအိုမြို့နယ် နမ်ဒင်ကျေးရွာ မလိခမြစ်တစ်ဖက်ကမ်း၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဝါးဖောင် ကိုးခု၊ အင်ဂျင်ကိုးလုံးနှင့် ဆက်စပ်ပစ္စည်းသုံးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ (၅)လမ်းရှိ ကမ်းနားဆိပ်တွင် စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်သုံးစီးနှင့် မန္တလေးမြို့မှ ဖားကန့်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၂မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၄၆၄၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Gallop Truck တစ်စီး၊ Nissan Condor Truck တစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့်နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jin Bei Haise Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့လမ်းခွဲအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၉၃၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၂၄၀၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်းအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck နှစ်စီး၊ Hingo Ranger Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်း ကားကြီးဝင်းရှိ ရိုးရိုးလေးကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၅၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့ ရခိုင်ကုန်းရပ်ကွက် မော်လမြိုင်-သံဖြူဇရပ်လမ်းမကြီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀) ကိုလည်းကောင်း၊ မော်လမြိုင်မြို့ ကျိုက်မရောလမ်းမကြီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး ကုန်းတွင်းဆိပ်ကမ်း၊ Resources Group Logistics ၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၉၅၇၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၈၃၅၉၅၀) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အမေရိကန်နိုင်ငံရေးမူဝါဒ အပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG”** ခေါင်းစဉ်ဖြင့် မတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ယဉ်ကျေးမှု အမွေ စောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားများကို စစ်မှုထမ်း တပ်သားများအဖြစ် စုဆောင်းနေခေါင်းစဉ်ဖြင့် မဟုတ်မမှန် ရေးသားဖော်ပြ

**နေပြည်တော် မတ် ၄**

ထိုင်းအစိုးရက ဖမ်းဆီးထားသော မြန်မာနိုင်ငံသား ၂၀၀ကို စစ်ကောင်စီထံသို့လွှဲပြောင်းပေးပြီး အမျိုးသားများကို စစ်မှုထမ်းတပ်သားများအဖြစ် စစ်ကောင်စီက စုဆောင်းနေ ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page က ဖေဖော်ဝါရီ ၂၅ ရက်က ပြည်သူများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်။

ထို့အတူ Khit Thit Media အမည်ခံ Facebook Page သည် စစ်မှုထမ်းခေါ်ယူရာတွင်သန်းခေါင်စာရင်းကို အခြေခံခေါ်ယူသည့် စနစ်သို့ ပြောင်းလဲလိုက်ပြီး ပြည်ပရောက် မြန်မာများပါ စစ်မှုထမ်းရန် ဆင့်ခေါ်မည်၊ စစ်မှုထမ်းရန် ပျက်ကွက်ပါက အမည်ပျက်နှင့် ဝရမ်းထုတ်ခံရမည့် စာရင်းတွင် ထည့်သွင်းမည် ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က ပြည်သူများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီ စိစစ်၍ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

**သစ္စာ**

## စစ်ကိုင်းမြို့နယ်အတွင်း၌ လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများ လုပ်ဆောင်နေကြောင်း ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နှင့် မန္တလေးမြို့သို့ ဆက်သွယ်ထားသည့် ရတနာပုံ မြစ်ကူးတံတားအနီးတွင် လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများ လုပ်ဆောင်နေကြောင်း အများပြည်သူ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စစ်ကိုင်းမြို့ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများက မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့်အတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများဆောင်ရွက်ခြင်း၊ လုံခြုံရေးအရ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



## မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်

**မကွေး မတ် ၄**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်လုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ပါမောက္ခ ဦးလှအောင်ခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အမှာစကားပြောကြားရာတွင် မီးဘေးအန္တရာယ် လုံခြုံရေးဆိုင်ရာနှင့် မီးငြိမ်းသတ်ခြင်း လုပ်ငန်းများကို နည်းစနစ် မှန်ကန်စွာဖြင့် လက်တွေ့အသုံးပြုဆောင်ရွက်တတ်စေရန် ယခုကဲ့သို့ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးအန္တရာယ် လုံခြုံရေးဆောင်ရွက်ရန် အချက်အလက်များ၊ လျှပ်စစ်ကြောင့် မီးလောင်မှုဖြစ်စေသောအကြောင်းရင်းများ၊ မီးငြိမ်းသတ်ရေးနည်းလမ်းများ၊ မီးလောင်မှုအမျိုးအစားအလိုက် နှိုင်းယှဉ်ချက်များ စသည်တို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်သန္တာသိမ့်က မီးငြိမ်းသတ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးနှင့် ခရိုင်ဥပဒေရုံးမှ ဝန်ထမ်းများအား မီးငြိမ်းသတ်ရာတွင် နည်းစနစ်မှန်ကန်စွာဖြင့် မီးငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး၌ မတ် ၃ ရက် နံနက်က ကျင်းပသည်။ **(အောက်ပုံ)**

